## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ (၂၄-၇-၂၀၂၆)
## မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁။ | **ဦးတင်မြင့်၊ ဒလ မဲဆန္ဒနယ်**က ပြည်သူ့ဝန်ဆောင်မှုရုံး (OSS)ရုံးများ ဖွင့်လှစ်လျက်ရှိသော်လည်း အချို့ရုံးမြေနေရာ၊ ရုံးသုံးပစ္စည်းကိရိယာများနှင့် ဘဏ္ဍာငွေမရှိခြင်းတို့ကြောင့် တိုးမြှင့်ထောက်ပံ့ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပြည်ထဲရေးဝန်ကြီးဌာန**က (OSS)ရုံးများ အသစ်ပြန်လည် ဖွဲ့စည်းခဲ့ခြင်း မရှိ၍ ပြည်သူများအတွက် ဝန်ဆောင်မှုလုပ်ငန်းများအား သက်ဆိုင်ရာရုံးများတွင်သာ ဝန်ဆောင်မှုပေးလျက်ရှိပါကြောင်းနှင့် အစိုးရအဖွဲ့၏ ညွှန်ကြားချက်ရရှိမှသာ (OSS)ရုံးများ ဖွင့်လှစ်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၂။ | **ဦးစောမောင်၊ ဆားလင်းကြီး မဲဆန္ဒနယ်**က ယင်းမာပင်ခရိုင်ရှိ နေရပ်စွန့်ခွာသူများ နေရပ်ပြန်ရန် ခက်ခဲလျက်ရှိပါသဖြင့် အကြမ်းဖက်များ ကင်းစင်ပပျောက်ရေး အမြန်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပြည်ထဲရေးဝန်ကြီးဌာန**က PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ ကင်းစင်ပပျောက်ရေး တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုဖြင့် တပ်ရင်းတပ်ဖွဲ့များ၊ ပြည်သူ့စစ်အခြေပြုလုံခြုံရေးကင်းများနှင့် တပ်မတော်စစ်ကြောင်း၊ ရဲကွန်မန်ဒိုစစ်ကြောင်းတို့ဖြင့် ရှင်းလင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။ |
| ၃။ | **ဦးငွါးရဲ့ဆဲ၊ မချမ်းဘောမဲဆန္ဒနယ်**က မချမ်းဘောမြို့နယ်တွင် မီးသတ်ဦးစီးဌာနအတွက် အဆောက်အဦကို မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပြည်ထဲရေးဝန်ကြီးဌာန**က ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၄။ | **ဦးထွန်းထွန်းအောင်၊ မိုးကောင်း မဲဆန္ဒနယ်**က မန္တလေး-မြစ်ကြီးနားလမ်းပေါ်ရှိ တရားဝင်လုံခြုံရေးဂိတ်များ၏ တရားမဝင် ကောက်ခံနေမှုများကို လျှော့ပါး/ ပပျောက်အောင်ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပြည်ထဲရေးဝန်ကြီးဌာန**က ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ငွေကြေးတောင်းခံမှုများမရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ်ခြင်း၊ CCTV ကင်မရာများတပ်ဆင်၍ စောင့်ကြပ်ကြည့်ရှုခြင်း၊ ဝန်ထမ်းများအား အသိပညာပေးခြင်းနှင့် ငွေကြေးတောင်းခံမှုများရှိပါက တိုင်ကြားနိုင်ရေး ဖုန်းနံပါတ်ပါရှိသည့် Vinyl ဆိုင်းဘုတ်စိုက်ထူခြင်းများ ဆောင်ရွက်ထားရှိပါကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
| --- | --- | --- |
| ၅။ | **ဦးအေးချမ်း၊ လှိုင်သာယာ(အရှေ့ပိုင်း)မဲဆန္ဒနယ်**က အင်တာနက်ဝန်ဆောင်မှုပေးသူများ၏ စွမ်းဆောင်ရည်ကို စစ်ဆေးထုတ်ပြန်ပေးရန်နှင့် စာချုပ်ပါစွမ်းဆောင်ရည်ထက် ကျဆင်းနေသော ကုမ္ပဏီများကို မည်သို့ဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဒီဂျယ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**က အင်တာနက်ဝန်ဆောင်မှုပေးလိုသည့် ကုမ္ပဏီများကို လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများနှင့်အညီ လိုင်စင်ထုတ်ပေးထားပြီး ဝန်ဆောင်မှုပေးသူများ၏ စွမ်းဆောင်ရည်ကြောင့် ဆုံးရှုံးနစ်နာမှုများရှိပါက သတိပေးခြင်း၊ နောင်ဖြစ်လာမည့် ဖောက်ဖျက်မှုကို တားဆီးရန် ညွှန်ကြားချက် ထုတ်ပြန်ခြင်း၊ ဒဏ်ငွေပေးဆောင်စေခြင်း၊ လိုင်စင်ကို ရပ်ဆိုင်းခြင်းနှင့် ပယ်ဖျက်ခြင်းနည်းလမ်းတို့ဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။ |
| ၆။ | **စိုင်းကျော်လှ၊ ကွန်ဟိန်း မဲဆန္ဒနယ်**က ကွန်ဟိန်းမြို့နယ် ဟိုပန်၊ တာကော်နှင့် ဝမ်ပတ်ကျေးရွာအုပ်စုများ အပါအဝင် ကျေးရွာခွဲများအား သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန**က ကျေးရွာခွဲများအနေဖြင့် ကြိုးဝိုင်းတောများအတွင်း ကျရောက်နေမှုများအား သစ်တောမြေမှ ပယ်ဖျက်နိုင်ရေး ခွင့်ပြုချက်ရရှိပါကဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၇။ | **ဒေါ်အိဖြူလွင်၊ ဂန့်ဂေါ မဲဆန္ဒနယ်**က အကြောင်းအမျိုးမျိုးကြောင့် နှစ်အောက်ခဲ့ရသော လက်ရှိကျောင်းတက်နေသည့် ကလေးများအား Placement Test ပညာရေးအစီအစဉ်တွင် ပါဝင်ခွင့်သို့မဟုတ် သင့်လျော်သည့် အစီအစဉ်ဖြင့် အသက်နှင့်အတန်းချိန် ညှိပေးနိုင်ခြင်း ရှိ၊ မရှိနှင့် အသက် ၁၅ နှစ်ကျော်မှ ၁၈ နှစ်အရွယ် ကလေးများအတွက် ကျောင်းပြင်ပ ပညာရေးကျောင်း အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာန**က သက်လွန်ကလေးများ ပညာသင်ယူမှုမဆုံးရှုံးစေရေး အသက်သတ်မှတ်ချက်များအား ဖြေလျှော့၍ အထူးအစီအစဉ်ဖြင့် Placement Test ဖြေဆိုခွင့်အား ယခုပညာသင်နှစ်အတွက် ဩဂုတ်လ ဒုတိယပတ်အတွင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့်အသက် ၁၅ နှစ် ၃ လကျော် ကလေးများအတွက် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး ဦးစီးဌာန၏ တန်းညှိပညာရေး အစီအစဉ်များမှတစ်ဆင့် ဆက်လက်ပညာသင်ယူနိုင်စေရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၈။ | **ဦးဂုဏ်ဝမ်း၊ ခန္တီး မဲဆန္ဒနယ်**က ခန္တီးမြို့နယ်အတွင်း ဆရာ၊ ဆရာမ လိုအပ်လျက်ရှိသည့် ကျောင်းများအားလုံးကို ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ခန့်အပ်နိုင်ရန် အစီအစဉ် ရှိ၊ မရှိနှင့် ခန့်အပ်မည်ဆိုပါက မည်သည့်အချိန်တွင် ခန့်အပ်မည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာန**က ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ယူခွင့်မထိခိုက်စေရေး အဓိကထား၍ ရပ်ရွာခန့် စေတနာ့ဝန်ထမ်းများဖြင့် ဖြည့်ဆည်းသင်ကြားပေးလျက်ရှိပြီး၊ သင်တန်းဆင်း ဆရာ၊ ဆရာမများ ခန့်အပ်သည့်အချိန်တွင် ဒေသလိုအပ်ချက်ကို အခြေခံ၍ ဦးစားပေးဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၉။ | **ဦးဝင်းနိုင်၊ ပုသိမ်ကြီး မဲဆန္ဒနယ်**က အရွယ်မရောက်သေးသူများ၏ Mobile Phone နှင့် Online Platform အသုံးပြုမှုအပေါ် ကန့်သတ်ထိန်းချုပ်ခြင်း၊ Parental control စနစ်များ တိုးမြှင့်ခြင်း၊ ကျောင်းများအတွင်း mobile phone အသုံးပြုမှု စည်းကမ်းသတ်မှတ်ခြင်းနှင့် digital safety ပညာပေး အစီအစဉ်များ ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ သိလိုခြင်း မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာန**က Mobile Phone နှင့် Online Platform များကို ပညာရေးအထောက်အကူပြု နည်းလမ်းများအဖြစ် အကျိုးရှိပြီး လုံခြုံစိတ်ချစွာအသုံးပြုနိုင်ရေးအတွက် အခြေခံပညာကျောင်းများတွင် စည်းကမ်းချက်များ သတ်မှတ်ထုတ်ပြန်ထားခြင်း၊ မိဘဆရာ ကျောင်းသားပူးပေါင်း အသိပညာပေးခြင်းနှင့် digital safety ပညာပေးခြင်း လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၁၀။ | **ဦးခင်မောင်ချင်း၊ မြဝတီ မဲဆန္ဒနယ်**က မြဝတီမြို့၊ အမှတ်(၅) ရပ်ကွက်၊ ပညာရေးဌာနပိုင်မြေပေါ်တွင် ပညာရေးဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည်ကို သိလိုခြင်း မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာန**က လက်ရှိဝန်ထမ်းအိမ်ရာအား ဖျက်သိမ်း၍ ၇၀ x ၃၀ ပေ RCC နှစ်ထပ်ဝန်ထမ်းအိမ်ရာအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ဦးစားပေးအစီအစဉ်ဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |